# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 8, 2020 Volume 30, Number 6


**၈.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၃၃/- ကျပ် |
| CBM Rate | = ၁၄၄၂.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၁၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၇.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၈၇.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၄.၁၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၈၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၃၁.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## သွင်းကုန်လိုင်စင်ကြေး ထက်ဝက်ခန့်လျှော့ချ

COVID-19 အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးအခြေအနေကို ကုစားရန် သွင်းကုန်လိုင်စင်ကြေးများကို ယနေ့ (ဧပြီ ၈ ရက်) က စ၍ ယခင်ကထက် ထက်ဝက်ခန့်လျှော့ချကာ ကျပ် ၃၀,၀၀၀ ကောက်ခံမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်သည်။ ယခင်က သွင်းကုန်လိုင်စင်ကြေး ကျပ် ၅၀,၀၀၀ ကောက်ခံရာမှ ယခုဘဏ္ဍာနှစ်ကုန်အထိ လျှော့ချကောက်ခံမည်ဖြစ်သည်။ လိုင်စင်ကြေး ထက်ဝက်နီးပါး လျှော့ချခြင်းသည် ကုန်သွယ်ရေးလုပ်ငန်းများအတွက် ဖြေလျှော့ပေးမှုတစ်ခုဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

ဧပြီ ၃ ရက်က နေပြည်တော်တွင်ပြုလုပ်သည့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် ဌာနအသီးသီးမှ ကောက်ခံနေသည့် လိုင်စင်ကြေး၊ ပါမစ်ကြေးများလျှော့ချရန် အစိုးရကစီစဉ်နေသည်ဟု ဒုတိယသမ္မတ ဦးမြင့်ဆွေကပြောထားသည်။ ထို့အပြင် ကုန်စည်စီးဆင်းမှု အထောက်အကူဖြစ်စေရေး လမ်း၊ တံတားဖြတ်သန်းခများကို လျှော့ချ၊ ကင်းလွတ်ခွင့်တို့ကိုလည်း ဆောင်ရွက်ပေးမည်ဟု ဒုတိယသမ္မတကပြောထားသည်။

**Source:** https://7day.news/detail?id=183757

## COVID-19 အတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်မှုမရှိဖြစ်နေသဖြင့် Surgical Mask နှင့် PPE ၊ လူနာခုတင်၊ ဆေးရုံသုံးအသက်ရှူစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့်ပြု

COVID-19 ရောဂါ ကာကွယ်တားဆီးရေးအတွက် အဓိကလိုအပ်သည့် Surgical Mask၊ PPE ၊ လူနာခုတင်၊ ဆေးရုံသုံးအသက်ရှူစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်ပစ္စည်းများ ပြည်ပမှ မှာယူတင်သွင်းရာတွင် လုပ်ငန်းလွယ်ကူ လျင်မြန်ချောမွေ့စေရေးအတွက် လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းစာရင်း (Negative List) ကို ၂၀၁၉ ခုနှစ် မေ ၂၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါ Negative List တွင် ပါဝင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုထားပြီးဖြစ်သည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

COVID-19 ရောဂါကာကွယ်တား ဆီးရေးအတွက်လိုအပ်သည့် ဆေးများနှင့်ဆေးပစ္စည်းများ လုံလောက်မှု မရှိဖြစ်နေကြောင်းနှင့် ပြည်ပမှတင်သွင်းရာတွင် အခက်အခဲများတွေ့ရှိရကြောင်းသိရသည်။ ကျန်ရှိသောဆေးဝါးများ၊ ဆေးပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင်ခွင့်ပြုထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး သွင်းကုန်လိုင်စင်လိုအပ်သောဆေးပစ္စည်းများ လျင်မြန်စွာတင်သွင်း နိုင်ရေး Fully Online စနစ်ဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားမှုကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိသည်။ လိုင်စင်ခွင့်ပြုထုတ်ပေးခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်းကောင်း၊ တင်သွင်းလိုသည့် ပစ္စည်းများ အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်မှု ရှိ၊ မရှိကိုလည်းကောင်း ကုန်သွယ်ရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

COVID-19 ဖြစ်ပေါ်နေချိန်တွင် ရုံးဌာနအတွင်း လူစုလူဝေးများလျော့ကျစေရန် ဆေးပစ္စည်းအုပ်စု၊ ပြည်ပမှတင်သွင်းနေသည့် စားသောက်ကုန်များ၊ စားသုံးဆီ၊ စက်သုံးဆီ စသည့်ကုန်စည်များအတွက် လိုင်စင် လျှောက်ထားမှုကို ဧပြီ ၁ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ “COVID-19 ဖြစ်နေတဲ့အချိန်မှာ အွန်လိုင်းမပေးရသေးတဲ့ အမည်တွေကိုစဉ်းစားတာပေါ့။ အခုဆိုရင် ဆေးပစ္စည်းအုပ်စု ဒါက တစ်အုပ်စုဖြစ်သွားမှာ။ နောက်တစ်ခုက စားသုံးဆီအုပ်စု၊ စက်သုံးဆီအုပ်စု၊ ပြည်ပကသွင်းရတဲ့ အစားအသောက်အုပ်စုတွေ။ အဲဒါတွေကို ကျွန်တော်တို့က အွန်လိုင်းနဲ့ ဧပြီ ၁ ရက်နေ့စပြီး လုပ်ပေးမယ်။ အဲဒါတွေ လျှောက်ရမယ့်သူတွေက ကျွန်တော်တို့ဆီ မလာရတော့ဘူးပေါ့။ လူတွေကိုလည်း ကျွန်တော်တို့လျှော့ချပြီးသားဖြစ်တယ်” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/168374

## ယခုဘဏ္ဍာနှစ်ဝက်အတွင်း ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာနှစ်ဘီလီယံကျော်ရရှိ




ချုပ်ပြီးအထည်တင်ပို့မှုသည် COVID-19 ၏ ထိုးနှက်ချက်ကြောင့် အခက်အခဲကြုံနေရပြီး ယခင်ကာလများကဲ့သို့ ဝင်ငွေရရှိရန် မလွယ်ကူတော့ပေ။ COVID-19 ကြောင့် ဥရောပနိုင်ငံများမှ အပ်ထည်အမှာ လျှော့ချနေသော်လည်း လက်ခစားအထည်ချုပ်လုပ်ငန်း များမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်ပသို့ ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော် တင်ပို့နိုင်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

လက်ခစား အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍကို ဦးဆောင်နေပြီး ယခု ဘဏ္ဍာနှစ်ဝက်အတွင်း တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ သန်း ၂၀၀ ကျော် ပိုများသည်ဟု ၎င်းကဆို သည်။ သို့သော် ဖေဖော်ဝါရီက စတင်ပြီး ဥရောပနိုင်ငံများတွင် ကြုံတွေ့လာသည့် COVID-19 ရောဂါ၏ထိုးနှက်ချက်က ချုပ်ပြီး အထည်တင်ပို့မှုလုပ်ငန်းကိုထိခိုက်ကြောင်း ဦးခင်မောင်လွင်က ပြောသည်။ “လောလောဆယ်အခြေအနေကတော့ ကုန်သွယ်မှု မှာ အများကြီးအခက်အခဲတွေဖြစ်နေတယ်”ဟု ဦးခင်မောင်လွင်ကဆိုသည်။ ယခုဘဏ္ဍာနှစ်၏ ပို့ကုန်မျှော်မှန်းချက်တွင် ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာငါးဘီလီယံကျော်ရရှိမည်ဟု စီးပွားကူးသန်းဝန်ကြီးဌာနက ကြိုတင်ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ လက်ခစားအထည်ချုပ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့် ဈေးကွက်ဝေစု ယူထားသော ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့ကပ်ရောဂါ (COVID-19) ကူးစက်ခံရမှုက မြန်မာအထည်ချုပ်ကဏ္ဍကို ကြီးမားသည့် ထိုးနှက်ချက် တစ်ခုဖြစ်လာသည်။

လက်ရှိတွင် ချုပ်ပြီးအထည် တင်ပို့မှုကိုလက်မခံခြင်း၊ အပ်ထည်အမှာချထားမှုကို ပယ်ဖျက်ခြင်းများရှိသည်ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။ မြန်မာလုပ်သား ငါးသိန်းကျော်ကို အလုပ်အကိုင်ပေးထားပြီး ပို့ကုန်ကဏ္ဍကို ဦးဆောင်နေသည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ကုန်သွယ်ရေးအခက်အခဲ စတင်ကြုံနေရသဖြင့် ပြီးခဲ့ သည့်

ဘဏ္ဍာ နှစ်ကကဲ့သို့ ဒေါ်လာငါးဘီလီယံကျော် ရရှိရန်မလွယ်ကူကြောင်း ဦးခင်မောင်လွင်က ပြောသည်။

**Source:** https://7day.news/detail?id=183756

## ဖြည့်စွက်ဘတ်ဂျက် ကျပ်ဘီလီယံ ၂,၆၆၀ ကျော် ခွင့်ပြု



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက် ဘတ်ဂျက် ကျပ်ဘီလီယံ ၂,၆၆၀ ကျော် တောင်းခံမှုကို ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေးက ခွင့်ပြုကြောင်း နိုင်ငံတော်သမ္မတ ရုံးက ထုတ်ပြန်သည်။ ဘဏ္ဍာရေး ကော်မရှင်၏ ယခုနှစ်အတွင်း ပထမဆုံးပြုလုပ်သော (၁/၂၀၂၀) အစည်းအဝေးကို ဧပြီ ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ခွင့်ပြုလိုက်ခြင်းကြောင့် ယခုဘဏ္ဍာနှစ်အတွင်း ပြုပြင် ပြီး ခန့်မှန်းခြေအသုံးစရိတ်သည် ကျပ် ၃၃,၈၀၅ ဘီလီယံ ကျော်ဖြစ်လာသည်။ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ယခုဘဏ္ဍာနှစ်ရငွေမှာ ပြုပြင် ပြီးခန့်မှန်းခြေ ကျပ် ၂၇,၂၂၇ ဘီလီယံကျော်ရှိသည်။ ထို့ကြောင့် အသားတင်လိုငွေမှာ ကျပ် ၆,၅၇၇ ဘီလီယံဖြစ်သည်။ ထို့ပြင် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ကျပ် ဘီလီယံ ၁၁၈,၉၃၅ ရှိသည်။ ထို့ကြောင့် အသားတင်လိုငွေနှင့် GDP အချိုးသည် ၅ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်သည်ဟု သမ္မတရုံးကထုတ်ပြန်သည်။ ဖြည့်စွက်ဘတ်ဂျက်တောင်းခံငွေခွင့်ပြုခြင်းသည် ယခုဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများကို အချိန်အဟုန်မြင့်တင် ဆောင်ရွက် နိုင်ရန်ဖြစ်သည်ဟု ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကပြောသည်။ ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် အဓိကအားဖြင့် ဝန်ထမ်းစရိတ်၊ အတိုးပေးငွေ၊ အရင်းဆပ်ရန် ထပ်မံ လိုအပ်ငွေ၊ အခွန် ဆောင်ရန်၊ လျှပ်စစ်မီတာခတိုး မြင့်ခြင်းကြောင့် လိုအပ်ငွေများ၊ ပြည်ပအကူအညီနှင့် ချေးငွေများရရှိရန် ဆောင်ရွက်ရမည့်စရိတ်၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် မြေယာလျော်ကြေးများအတွက်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကပြောသည်။

ထို့အပြင် နိုင်ငံတော်သမ္မတက COVID-19 ကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနိုင်သဖြင့် စီးပွားရေးဖွံ့ ဖြိုးမှုနှုန်းအပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ် တွက်ချက်ထားရန်နှင့် အခွန်ရရှိမှုအပေါ် သက်ရောက်နိုင်၍ အသုံးစရိတ်ချွေတာ၊ လိုငွေမများစေရန်နှင့် လက်ရှိဘဏ္ဍာနှစ်အတွင်း ပြီးစီးမည့်အသုံးစရိတ်များကိုသာ ခွင့်ပြုရန်အပြင် နိုင်ငံခြားငွေအစား ကျပ်ငွေဖြင့် အဓိကသုံးစွဲရန်လည်းမှာကြားခဲ့သည်။ သမ္မတဦးဝင်းမြင့်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို အထူးမှာကြားရာတွင် တင်ဒါခေါ်ယူမှုများ၌ တင်ဒါစည်းမျဉ်းစည်းကမ်းများကို လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရန် ပြောကြားခဲ့သည်။ မူလတောင်းခံရာတွင် ကျပ် ၂,၉၉၇ ဘီလီယံဖြစ်ပြီး ထိုအထဲမှ ကျပ် ဘီလီယံ ၂,၆၆၀ ကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ကာ ထိုထဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြည့်စွက်ပေးငွေ ကျပ် ၅၉ ဘီလီယံပါဝင်သည်ဟု ဒုတိယ သမ္မတ ဦးမြင့်ဆွေကလည်းပြောသည်။

ဖြည့်စွက်ငွေရရှိပြီးပါက လေးလအတွင်းသုံးစွဲရမည်ဖြစ်၍ အမှန်တကယ်လုပ်ဆောင်မည့်လုပ်ငန်းကိုသာ တောင်းဆိုရန်နှင့် ရရှိထားသည့် ခွင့်ပြုငွေကို မသုံးစွဲနိုင်ပါက နိုင်ငံတော်နှင့်ပြည်သူအတွက်အကျိုးမရှိဟု သမ္မတဦးဝင်းမြင့်ကဆိုသည်။ ဖြည့်စွက် ခွင့်ပြုငွေကို အခြားခေါင်းစဉ်ပြောင်းသုံးစွဲခွင့် မရှိသလို ပြန်လည်အပ်နှံပါကလည်း ကြီးလေးသည့် ချွတ်ယွင်းချက်ဖြစ်ကြောင်း ဘဏ္ဍာရေးစည်းမျဉ်းတွင်ဆိုထားကြောင်း နိုင်ငံတော်သမ္မတကပြောသည်။

**Source:** https://7day.news/detail?id=183773

## လက်ရှိဘဏ္ဍာနှစ် ခြောက်လအတွင်း ပြည်ပသို့ရော်ဘာတင်ပို့မှု ယခင်နှစ်ကာလတူထက် တန်ချိန် ၁၄၀၀၀ ကျော် လျော့ကျခဲ့သော်လည်း ဝင်ငွေဒေါ်လာ ၁၇ သန်းကျော် ပိုမိုရရှိ



လက်ရှိဘဏ္ဍာနှစ် ခြောက်လအတွင်း ပြည်ပသို့ ရော်ဘာတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၁၄၀၀၀ ကျော် လျော့ကျခဲ့သော်လည်း ဝင်ငွေဒေါ်လာ ၁၇ သန်းကျော်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၂၇ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၁၀၄၃၃၀ ဒသမ ၉၅၉ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၁၃၀ ဒသမ ၈၈၇ သန်း ရရှိထားသည်။

ယခင်နှစ်ကာလတူတွင် ရော်ဘာတန်ချိန် ၁၁၈၅၀၆ ဒသမ ၉၅၉ တန်အထိတင်ပို့ ထားသော်လည်း ဝင်ငွေဒေါ်လာ ၁၁၃ ဒသ မ ၈၈၇ သန်းသာရရှိထားသည်။ "ယခုဘဏ္ဍာနှစ် မတ်လ ၂၇ အထိ ရော်ဘာတင်ပို့မှုမှာက ပြီးခဲ့တဲ့ကာလတူထက် တန်ချိန်အားဖြင့် ၁၄၀၀၀ ကျော်လောက် လျော့ကျတယ်ဆိုပေမယ့် ဝင်ငွေမှာကျပိုရတယ်။ ဒေါ်လာ ၁၇ သန်းလောက်ပိုရထားတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။ ရော်ဘာကို မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတွင်လည်း စိုက်ပျိုးကြောင်းသိရသည်။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာစိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်းနှစ်သိန်းခန့်ထွက်ရှိပြီး ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိပြီး အဓိက တင်ပို့နေသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်းမှ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်အပြင် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ မွန်ပြည်နယ်တွင်သာမက ရော်ဘာစိုက်ဧကနှင့် ရော်ဘာအထွက်များသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် နိုင်ငံတကာအဆင့်မီ ရော်ဘာကုန်ကြမ်းနှင့်ကုန်ချောထုတ်လုပ်နိုင်ရန် ရော်ဘာ အထူးဇုန်များဖော်ဆောင်ပေးရန် ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅) ကြိမ်မြောက် အခမ်းအနားတွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က တင်ပြခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံခြားသို့ တင်ပို့နေသော RSS မှိုင်းခံရော်ဘာများ၊ ရော်ဘာခြံများ (အထူးသဖြင့် ခြံငယ်များ) များမှ ထုတ်လုပ်ရာတွင် စက်ပစ္စည်း၊ အစေးခဲကန်၊ မှိုင်းခံများမရှိသဖြင့် ရော်ဘာအစိုပြားများ အထူးပြားများသာ ထုတ်လုပ်နေရပြီး ရောင်းချရာတွင် ဈေးမရသည့် အခက်ခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/168355

## COVID-19 ကြောင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းအပေါ် သက်ရောက်မှု ရှိမည်ဖြစ်ပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းမှုရှိနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ်တွက်ချက်ထားရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတပြောကြား

COVID-19 ကြောင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုသည် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းအပေါ် သက်ရောက်မှု ရှိမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းမှုရှိနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ်တွက်ချက်ထားရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကပြောကြားသည်။ နေပြည်တော် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးခန်းမတွင် ဧပြီ ၇ ရက်က ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး၌ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တက်ရောက်လမ်းညွှန်

အမှာစကားပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ယနေ့ကျင်းပသည့် ဘဏ္ဍာရေး ကော်မရှင် (၁/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြု ပေးရန် နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင် ရေးဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ဖြည့်စွက်ခွင့်ပြုငွေသည် အသုံးစရိတ်တစ်ခုအတွက် မူလခွင့်ပြုငွေနှင့် လုံလောက်မှုမရှိခြင်း၊ မူလခွင့်ပြုငွေဘောင်အတွင်းမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲ ပြောင်း ကျခံသုံးစွဲရန် မလုံလောက်ခြင်းတို့ကြောင့် လိုအပ်သည့်ငွေရပ်ကိုသာ တောင်းခံရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာတွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့်ကိစ္စများအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်မည့် ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ မူလခွင့်ပြုချက် ရရှိပြီးသည့် လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည့်ငွေရပ်ကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေကို သုံးစွဲခြင်း မပြုနိုင်၍ ပြန်လည်အပ်နှံရပါက ဌာန၊ အဖွဲ့အစည်းများအတွက် ကြီးလေးသည့် ချို့ယွင်းချက်ဖြစ်သည့်အတွက် မဖြစ်မနေသုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ကြောင်း သမ္မတက ပြောကြား သည်။

၂၀၁၉-၂၀၂၀ခု၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုတွင် အဓိကအားဖြင့် ဝန်ထမ်းများအတွက် ထပ်မံလိုအပ်သည့် လစာငွေ၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပင်စင်၊ အတိုးပေးငွေများ၊ အရင်းပေးဆပ်ရန် ထပ်မံလိုငွေများ၊ နိုင်ငံတော်သို့ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ခြင်းကြောင့် ထပ်မံလိုငွေ၊ ထပ်မံရရှိမည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေတို့နှင့် ဆောင်ရွက်မည့် အသုံးစရိတ်များ၊ ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများ၊ မြေယာလျော်ကြေးများအတွက် တောင်းခံထား သည်ကို တွေ့ရှိရကြောင်း သမ္မတကဆိုသည်။

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြု ငွေတောင်းခံမှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတ (၁)က ထပ်ဆင့်စိစစ်ထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဒုတိယသမ္မတ (၂) တို့က စိစစ်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထပ်မံခွင့်ပြုပေးမည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန်တာဝန်ရှိကြောင်း၊ ထို့ပြင် နိုင်ငံခြားသုံးငွေနှင့်သုံးစွဲမှုများကိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေဖြင့်သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာသုံးစွဲကြရန် အထူးမှာကြားလို ကြောင်း ၎င်းကပြောကြားသည်။

လက်ရှိအခြေအနေတွင် COVID-19 ကြောင့်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ကမ္ဘာ့ကပ်ရောဂါဆိုးတစ်ခုအနေဖြင့် ဖြစ်ပေါ်နေခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးအပေါ် သက်ရောက်မှုများရှိလာကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းမှုရှိနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှု နှုန်းအပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ်တွက်ချက်ထားရမည်ဖြစ်ကြောင်း သမ္မတကဆိုသည်။ ထို့ပြင် အခွန်အကောက်ရငွေ လျာထားချက်အပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်သဖြင့် အသုံးစရိတ်များကို ပိုမိုပြီးစိစစ်သုံးစွဲကြစေလိုကြောင်း၊ ရငွေပေါ်မူတည်ပြီး အသုံးစရိတ်ကို ခွဲဝေပေးရသည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကိုစိစစ်ရာတွင် လိုငွေပမာဏမများစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း ထပ်မံရရှိသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုကြရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန်အတွက် စစ်ဆေး

ကြပ်မတ် စီမံဆောင်ရွက်သွားကြရန်ကိုလည်း အထူးမှာကြားလိုကြောင်း ၎င်းက ပြောကြားသည်။ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေကို တတ်နိုင်သမျှ လျာထားချက် ပြည့်မီအောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကိုသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ထိရောက်စွာ အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန် လိုအပ်ကြောင်း၊ အထူးသတိပေး မှာကြားလိုသည်မှာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်မညီသော တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းများအတွင်း လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/ ၂၀၁၇ နှင့်အညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://news-eleven.com/article/168348

## မြန်မာ့စိန်တစ်လုံးသရက်သီး တန်ချိန် ၁၂၀၀ ဂျပန်နိုင်ငံက ဝယ်ယူ




ပြည်တွင်းမှ စိန်တစ်လုံးသရက်သီး တန်ချိန် ၁၂၀၀ ကို သရက်သီး အနှစ်ထုတ်လုပ်ရန် ဂျပန်နိုင်ငံက ဝယ်ယူထားကြောင်း မြန်မာနိုင်ငံ သရက်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောသည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်နေပေမယ့်လည်း သရက်သီးတွေ ဂျပန်က လာဝယ်ပါတယ်။ သရက်သီးအနှစ်ထုတ်ဖို့ အတွက် တန်ချိန် ၁၂၀၀ ဝယ်တယ်။ နိုင်ငံခြားက ဝယ်လက်တွေက မြန်မာစိန်တစ်လုံးသရက်သီးကို ဝယ်ယူဖို့စိတ်ဝင်စားပြီးတော့ လာရောက် စုံစမ်းတာတွေရှိတယ် "ဟု ဒေါ်သန်းသန်းဆွေကဆိုသည်။ ဧပြီလကုန် အထိ လေကြောင်းလိုင်းများက ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှု ရပ်တန့်ထားသဖြင့်ဧပြီ ၂၁ ရက်ကျော်မှသာ ပြည်ပသို့သရက်သီးတင်ပို့ရောင်းချနိုင်မှုအနေအထားကို ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံမှ စိန်တစ်လုံး သရက်သီးကိုဝယ်ယူရန် စိတ်ဝင်စားနေသည့်နိုင်ငံများမှာ မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြောင်းဒေါ်သန်းသန်းဆွေကပြောသည်။ လက်ရှိတွင် သရက်စိုက်တောင်သူအချို့က တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ရောင်းချမှု အနည်းငယ်ရှိနေပြီး ဈေးကောင်းရရှိကြကြောင်းလည်းသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်သို့ သရက်သီးတင်ပို့ရောင်းချရမှုအနေအထားကို သေချာစွာမသိရှိနိုင်သေးသော်လည်း ပြည်တွင်းသရက်သီးစားသုံးမှုမြင့်မားသဖြင့် သရက်စိုက်တောင်သူများ များစွာ ထိခိုက်နစ်နာမှုမရှိကြောင်း ဒေါ်သန်းသန်းဆွေကခန့်မှန်းပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138134.html

## ငှက်ဖျားဆေး ပြည်ပတင်ပို့မှု အကန့်အသတ်နဲ့ အိန္ဒိယပြန်ဖွင့်

ငှက်ဖျားရောဂါ ကုသဆေး Hydroxychloroquine ကို ပြည်ပတင်ပို့မှုပိတ်ပင်ထားတာကို အိန္ဒိယနိုင်ငံက အကန့်အသတ်နဲ့ ပြန်လည်ခွင့်ပြုလိုက်ပါတယ်။ HCQလို့ခေါ်တဲ့ Hydroxychloroquine ကို ကိုရိုနာဗိုင်းရပ်စ်ကို ကုသနိုင်ချေရှိတဲ့ဆေးအဖြစ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ရည်ညွှန်းပြောဆိုနေပေမဲ့လည်း အထောက်အထား ခိုင်ခိုင်မာမာတော့ မပြနိုင်သေးပါဘူး။ သမ္မတထရမ့်က အိန္ဒိယ ဝန်ကြီးချုပ် နာရိမ်ဒရာ မိုဒီနဲ့ပြီးခဲ့တဲ့ သီတင်းပတ်ကုန်ပိုင်းတုန်းက ဖုန်းဆက်သွယ်ပြောချိန်မှာ ဒီ ဆေးကို ဆက်တိုက် တင်ပို့ပေးဖို့ ပြောခဲ့တယ်လို့ သမ္မတ Trump က တနင်္လာနေ့ ဝါရှင်တန်

ဒီစီမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တွေကိုပြောပါတယ်။အိန္ဒိယနိုင်ငံဟာ ဆေးဝါးတွေကို အဓိက ထုတ်လုပ်တင်ပို့တဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ အိန္ဒိယနိုင်ငံအနေနဲ့ paracetamol နဲ့ Hydroxychloroquine ဆေးတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ တခြားကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဒဏ် အဆိုးဆုံးခံနေရတဲ့ နိုင်ငံတွေကို အကန့်အသတ်နဲ့ တင်ပို့ခွင့်လိုင်စင်ပြန်ချပေးဖို့ဆုံးဖြတ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ Anurag Srivastava က ပြောပါတယ်။ အမေရိကန်၊ ဘရာဇီး၊ နီပေါနဲ့ အာဖရိကတိုက် နိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၃၀ လောက်က ဒီဆေးအမှာစာတွေ လက်ခံရရှိထားတယ်လို့လည်း ပြောခွင့်ရ Srivastava က ပြောပါတယ်။

**Source:** http://www.thithtoolwin.com/2020/04/blog-post_892.html

## တရုတ်ပြည်မကြီးကုမ္ပဏီ ၄၆၀,၀၀၀ ကျော် ပိတ်သိမ်းလိုက်ရခြင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ဖြစ်ပွားမှုကြောင့် ကမ္ဘာ့စီးပွားရေးဒုတိယအကြီးဆုံး ဖြစ်သည့် တရုတ်နိုင်ငံ၏ ကုမ္ပဏီ ၄၆၀,၀၀၀ ကျော်အား ပိတ်သိမ်းလိုက်ရကြောင်း၊ အဆိုပါပိတ်သိမ်းလိုက်သည့် ကုမ္ပဏီများထဲမှ ကုမ္ပဏီ တစ်ဝက်ကျော်၏ လုပ်ငန်းဆောင်ရွက်မှုကာလမှာ (၃) နှစ် မရှိသေးကြောင်း၊ ပိတ်သိမ်းလိုက်သည့် ကုမ္ပဏီများတွင် ပို့ကုန်ကဏ္ဍမှ (၂၆,၀၀၀) ကုမ္ပဏီ ပါဝင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကုမ္ပဏီအသစ်များထူထောင်ခဲ့ရာ တန်ဖိုးအားဖြင့် ၃.၂ မီလီယံရှိပြီး ယခင်နှစ်များထက် (၂၉) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ကုမ္ပဏီ အသစ်အများစုမှာ ကွမ်တုံးပြည်နယ်တွင်ရှိပြီး ကုန်ပစ္စည်းဖြန့်ဖြူးသည့် ဝန်ဆောင်မှုကုမ္ပဏီနှင့် လက်လီရောင်းချသည့် ကုမ္ပဏီများဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအများ၌ COVID-19 ဖြစ်ပွားမှုကြောင့် ပို့ကုန်ကုမ္ပဏီများတွင် မတ်လအတွင်း ပြည်ပမှ ကုန်ပစ္စည်းမှာယူမှုများ ရပ်တန့်သွားသဖြင့် ဝန်ထမ်းအချို့အား လစာပေးချေနိုင်ခြင်း မရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ တွင် (၂၁၆၀) ကုမ္ပဏီနှင့် ဖေဖော်ဝါရီလနှင့် မတ်လတွင် (၁၇၇၀) ကုမ္ပဏီတို့ ဒေဝါလီခံသွားကြကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sidney Leng က " Over 460,000 mainland companies fold" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source:** စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်

## ဗိုင်းရပ်စ်ပြန့်ပွားနေချိန်တွင် အိမ်ထောင်စုများ ထောက်ပံ့ကြေးပေးရန် ဂျပန်အစိုးနှင့် LDP ပါတီတို့ သဘောတူခဲ့ကြခြင်း

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားနေသည့်အတွက် သတ်မှတ်ထားသောအတိုင်းအတာတစ်ခုအထိ ဝင်ငွေထိခိုက်ကျဆင်းသွားသော အိမ်ထောင်စုများကို ဒေါ်လာ ၂၈၀၀ ခန့်ထောက်ပံ့ပေးရန် ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe နှင့် အာဏာရပါတီဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) တို့က သဘောတူခဲ့ကြပါသည်။

စီးပွားရေးပိုင်း အရေးပေါ်အားဖြည့်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ Mr. Shinzo Abe နှင့် မူဝါဒပိုင်းဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Kishida Fumio တို့သည် အိမ်ထောင်စုတစ်စုလျှင် ယန်းငွေ ၃ သိန်းခန့်ထောက်ပံ့ပေးရန် ဧပြီလ ၃ ရက်နေ့က သဘောတူခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် အိမ်ထောင်စုများရှိ ပျမ်းမျှမိသားစုဝင်ဦးရေအပေါ်တွက်ချက်၍ ပံ့ပိုးငွေပမာဏကို ဆုံးဖြတ်ခြင်းဖြစ်ကြောင်း Mr. Kishida Fumio က သတင်းထောက်များနှင့် တွေ့ဆုံရာတွင်ပြောကြားခဲ့ပါသည်။

ထိုထောက်ပံ့ငွေများကို အိမ်ထောင်စုများအတွက် မြန်မြန်ဆန်ဆန် ထောက်ပံ့ပေးရန်နှင့် ထောက်ပံ့ကြေးငွေ အသေးစိတ်ကို သတ်မှတ်ဆုံးဖြတ်ပေးပါရန် ဝန်ကြီးချုပ်အား တိုက်တွန်းပြောဆိုခဲ့ပါကြောင်း၊ စီးပွားရေးအားဖြည့်မှုပမာဏနှင့် ဗိုင်းရပ်စ်ပြန့်ပွားမှုအပေါ် ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ LDP ပါတီအနေဖြင့် အစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းMr. Kishida ကပြောကြားခဲ့ပါသည်။

**Source:** စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်

## စီးပွားရေးလုပ်ငန်းကြီးများကို ဘဏ္ဍာရေးတိုးမြှင့်ပံ့ပိုးပေးရန် ဂျပန်အစိုးရ စီစဉ်နေခြင်း

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပြန့်ပွားနေမှုကြောင့် လုပ်ငန်းပိုင်းထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းကြီးများကို ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှု တိုးမြှင့်ဆောင်ရွက်ရန် ဂျပန်အစိုးရပြင်ဆင်နေပြီဖြစ်ပါသည်။

ထိုသို့ပံ့ပိုးရန် ဂျပန်အစိုးရသည် အမေရိကန်ဒေါ်လာသန်း ၉၃၀ ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး ပြင်ဆင်နေပြီး ဂျပန်နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှတစ်ဆင့် အကြီးစားစီးပွားရေးလုပ်ငန်းများနှင့် ဒုတိယတန်းအဆင့်ရှိ စီးပွားရေးလုပ်ငန်းများ၏ ရှယ်ယာများ ဝယ်ယူရန် ပြင်ဆင် နေပါသည်။

စီးပွားရေးလုပ်ငန်းကြီးများအတွက် အမေရိကန်ဒေါ်လာ ၃.၇ ဘီလီယံခန့် ဘဏ္ဍာရေး ဆိုင်ရာပံ့ပိုးမှု ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် ဒေါ်လာသန်းဆယ်ဂဏန်းအထိ ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆက်လက်၍ထုတ်ပြန်ဆောင်ရွက်သွားမည့် အရေးပေါ် စီးပွားရေးအားဖြည့်ဆောင်ရွက်ချက်များတွင် စတော့ရှယ်ယာများ ဝယ်မည့် အစီအစဉ်များလည်း ပါဝင်ကြောင်းသိရပါသည်။

**Source:** စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်

## Qingming ပွဲတော်က တရုတ်၏ ပြန်လည်နာလန်ထူကာစ ပြည်တွင်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးခဲ့

တရုတ်ရိုးရာ Qingming ပွဲတော်မှာ တရုတ်လူမျိုးတို့၏ သင်္ချိုင်းကန်တော့ပွဲဖြစ်ပြီး ကွယ်လွန်သွားကြပြီဖြစ်သည့် မိဘဘိုးဘွားများကို သင်္ချိုင်းများသို့ သွားရောက်ကန်တော့ပြီး အုတ်ဂူသန့်ရှင်းရေးပြုလုပ်သည့်ပွဲဖြစ်ပါသည်။ ၎င်းပွဲတော်ကို နှစ်စဉ်ဧပြီလဆန်း၌ ကျင်းပကြပါသည်။ ယခုနှစ်တွင် ကျရောက်သည့် ၎င်းပွဲတော်နေ့တွင် ကိုရိုနာကပ် ရောဂါကြောင့် အိမ်တွင်းအောင်းနေရသည်မှာ (၃)လနီးပါးကြာမြင့်ပြီဖြစ်သည့် တရုတ်မိသားစုများက စက်ဘီးစီးရန်၊ ငှက်များကြည့်ရှုရန်၊ သဘာဝရှုခင်းအလှအပများကိုခံစားရန် ပြင်ပသို့ထွက်လာကြသည်ကိုတွေ့ရပါသည်။

တရုတ်နိုင်ငံတွင် ကိုရိုနာကူးစက်ရောဂါပျံ့ပွားသည့်အခြေအနေမှ ပြန်လည်ကောင်းမွန်လာနေသောကြောင့် နိုင်ငံအဝှမ်းရှိ ပန်းခြံများကို ပြန်လည်ဖွင့်လှစ်ထားရှိပါသည်။ သို့ရာတွင် ၎င်းနေရာများသို့ လာရောက်လည်ပတ်သူများက လိုက်နာဆောင်ရွက်ရမည့် ကာကွယ်ရေးစီမံဆောင်ရွက်မှုများကို တင်းတင်းကြပ်ကြပ်ပြုလုပ်ထားပါသည်။ ပြီးခဲ့သည့် စက်တင်ဘာလ (၄)ရက်နေ့၌ ဘေကျင်းမြို့တော်ရှိ မဟာတံတိုင်းနှင့် မင်မင်းဆက် အုပ်ဂူများကို ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ မဟာတံတိုင်းပေါ်ရှိ နာမည်ကျော် Badalingနေရာသို့ စက်တင်ဘာလ (၄)ရက်နေ့ တစ်ရက်တည်း၌ပင် လာရောက်လည်ပတ်သူပေါင်း (၁၂,၀၀၀)ရှိခဲ့ပါသည်။ ဘေကျင်းမြို့ပေါ်ရှိ အထင်ကရပန်းခြံများကိုလည်း လူစုလူဝေးဖြင့်ပြုလုပ်လေ့ရှိသော ရိုးရာနွေဦးရာသီ အခမ်းအနားများမှအပ အများပြည်သူလာရောက်လည်ပတ်နိုင်စေရန် တင်းကြပ်သော စီမံဆောင်ရွက်မှုများဖြင့် ပြန်လည်ဖွင့်လှစ်ပေးထားပါသည်။

Qunar နှင့် Trip.com ကဲ့သို့သော ပြည်တွင်းခရီးသွားကုမ္ပဏီအချို့မှ ရရှိသော အချက်အလက်များအရ တရုတ်နိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းမှာ ပြန်လည်နာလန် ထူလာကာ၊ ခရီးသွားရန်၊ ဟိုတယ်အခန်းယူရန်နှင့် စက်ဘီးစီးခြင်းကဲ့သို့သော သဘာဝ ပတ်ဝန်းကျင်ရှုမျှော်ခင်းများအား ခံစားလျက် အားကစားပြုလုပ်ရန် ကြိုတင်စာရင်း ပေးသွင်းမှုမှာ များပြားလာကြောင်း သိရပါသည်။

တရုတ်နိုင်ငံတွင် မတ်လဆန်းမှစ၍ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၀)ခု တို့၌ ခရီးသွားလုပ်ငန်းများ၏ လုပ်ငန်းအချို့ ပြန်လည်စတင်ခဲ့ပြီး၊ မြို့တော်များတဝိုက် လည်ပတ်သည့်ခရီးများနှင့် အမြန်နှုန်းဖြင့် တစ်နာရီသွားရသည့် ခရီးများမှာ လူကြိုက်များကြောင်းသိရပါသည်။

အန်းဝေပြည်နယ်၊ Yingshang စီရင်စုရှိ Balihe နေရာကိုလည်း မတ်လ (၁၅)ရက် နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ထားရာ၊ နေ့စဉ် လာရောက်လည်ပတ်သူ (၁၀၀၀)ခန့် ရှိပြီး၊ သင်္ချိုင်းကန်တော့ပွဲ အားလပ်ရက်များအတွင်း နေ့စဉ်လာရောက်လည်ပတ်သူ (၈,၀၀၀) ခန့် ရှိသည်ကို တွေ့ရပါသည်။

ၾငင်းအထင်ကရနေရာများကို ပြန်လည်ဖွင့်လှစ်ရာတွင် အွန်လိုင်းမှ ကြိုတင်လက်မှတ်ဝယ်ယူသည့်အခါ အမည်မှန်ဖြင့် ဝယ်ယူစေခြင်း၊ ဝင်ပေါက်များတွင် ကိုယ်ပူချိန်တိုင်းသည့်နေရာများနှင့် လက်ဆေးရန်နေရာများထားရှိခြင်း၊ ဝန်ထမ်းများကို နှာခေါင်းစည်းနှင့်လက်အိတ်များ ဝတ်ဆင်စေခြင်းတို့ဖြင့် စီစဉ်ထားရှိကြောင်းသိရပါသည်။

UNESCO၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာများတွင်ပါဝင်သည့် အန်းဝေ ပြည်နယ်ရှိ Huangshanတောင်သို့ သင်္ချိုင်းကန်တော့ပွဲအားလပ်ရက်နှစ်ရက်အတွင်း လာရောက်လည်ပတ်သူပေါင်း (၂၀,၀၀၀)ရှိခဲ့သောကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုဖြင့် ဝေဖန်သူများရှိခဲ့သည်။ တာဝန်ရှိသူများကမူ တောင်ဆီသို့ ပို့ဆောင်ပေးရာတွင် လူအလွန်အမင်းထူပြောမှုကို ကာကွယ်ရန် ဘတ်စ်ကားပေါင်း (၁၆၀) စီစဉ်ထားရှိခဲ့ကြောင်း ပြောကြားထားပါသည်။

ကျွမ်းကျင်သူများကမူ COVID-19 ကပ်ရောဂါမှာ တရုတ်နိုင်ငံတွင် အပြီးသတ်ပျောက်ကွယ်သွားသည် မဟုတ်သေးကြောင်း၊ ပြည်ပမှဝင်ရောက်လာသူများတွင် ထပ်မံတွေ့ရှိသဖြင့် ဖိအားတိုးပွားလာနေကြောင်း၊ ထို့ကြောင့် ရှုမျှော်ခင်းကြည့်ရှုရန် လာရောက်လည်ပတ်လေ့ရှိသည့်နေရာများတွင် လာရောက်လည်ပတ်သူများ၏ လုံခြုံရေးနှင့်ကျန်းမာရေးမှာ ထိပ်တန်းဦးစားပေးဖြစ်သင့်ကြောင်း၊ ပြန်လည်ဖွင့်လှစ်သည်နှင့် ၎င်းတို့ကို ဦးတည်သည့် စီမံဆောင်ရွက်မှုများကို ဆောင်ရွက်သွားသင့်ကြောင်း ထောက်ပြသတိပေးထားပါသည်။

**Source: Xinhua** (၆-၄-၂၀၂၀)

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း

## STOCK EXCHANGE (8.4.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 1,372 | 14,388,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,600 | 3,700 | 3,600 | 23,574 | 86,723,800 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 396 | 8,337,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 322 | 893,750 | 12,823,224 | 35,905 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.65 | +1.23 | +0.28% | 424.78 | 439.65 | 424.78 | 25,665 | 110,351,150 | 5 | 602,024 |

### Index chart




# Market Overview

As of 1:00 pm, 8th Apr. 2020

| MYANPIX | 439.65 ▲ 1.23 |
|---|---|
| Total Volume (shares) | 25,665 |
| Total Value (MMK) | 110 mil |
| Listed Company | 5 |
| Market Cap. (MMK) | 602,024 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |